# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

October 23, 2019 Volume 24, Number 14


## ၂၃.၁၀.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁,၂၁၉၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/- ကျပ် |
| CBM Rate | = ၁၅၃၅.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၃.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၇.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## စျေးနှုန်းကျဆင်းမှုကြောင့် ယခုနှစ်တွင် ပြောင်းစိုက်ဧကလျော့ကျ




ပြောင်းစျေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက လျော့ကျနေသည့် အတွက် ယခု ပြောင်းစိုက်ရာသီတွင် စိုက်ဧကလျော့ကျသွားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်း အသင်း ထံမှ သိရသည်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာ ပြောင်းစိုက်ဧကတွေတိုးတယ်။ စျေးကွက်မှာလည်း စျေးနှုန်းတွေမြင့်ခဲ့တော့ တခြားသီးနှံစိုက်တဲ့ နေရာမှာ ပြောင်းစိုက်လာကြတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ခြောက်လပိုင်းလောက်ကစပြီး ပြောင်းစျေးတွေ တော်တော်လေးကျခဲ့လို့ ပြောင်းစိုက်ဧကတွေလည်း တော်တော်လေးလျော့သွားတယ်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးခြင်းကို တစ်နှစ်ပတ်လုံး လုပ်ကိုင်လျက် ရှိပြီး ဒေသအနှံ့အပြားက ထွက်ရှိချိန်များလည်း မတူညီသည့်အတွက် ပြောင်း ပြတ်လပ်သည်မှာရှားပါးကြောင်း၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကာ ယခုနှစ်တွင် ၎င်းဒေသများ၌ပင် စိုက်ပျိုးမှုလျော့ကျ လာကြောင်း သိရသည်။ ပြောင်းကို တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ဧက ၁ ဒသမ ၅ သန်းခန့် စိုက်ပျိုးလေ့ရှိရာမှယခုနှစ်တွင် ၁ ဒသမ ၁ သန်းခန့်သာ စိုက်ပျိုးထားရာ ဧကလေးသိန်းခန့် လျော့ကျသွားကြောင်းသိရသည်။ ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေး ပြဿနာက စျေးကောင်းပြီဆိုရင် တိုးပြီးစိုက်ကြတာပဲ။ စျေးကွက်ထဲမှာ စျေးကောင်းမယ့် သီးနှံဆိုရင်တိုးစိုက်တယ်။ အဲဒီလိုစိုက်ထားတာတွေကို ထုတ်လုပ်လိုက်တော့ ထုတ်လုပ်မှုတွေမြင့်တက်လာပြီး ဝယ်လိုမှုတွေကကျသွားတယ်။ စျေးကွက်ထဲမှာ ပစ္စည်းတွေများပြီး စျေးနှုန်းတွေကျသွားတယ်ဟု ပြောင်းစျေးကွက်လေ့လာသူတစ်ဦးကပြောသည်။

လက်ရှိတွင် ပြောင်းတစ်ပိဿာစျေးမှာ ရန်ကုန်တွင် ကျပ် ၄၅၀ ဝန်းကျင်ရှိပြီး ရှမ်းတောင်၊ ရှမ်းမြောက်နှင့်ကယားကထွက်ရှိသော အရည်သွေးကောင်း ပြောင်းမျိုးဖြစ်ပါက တစ်ပိဿာစျေးနှုန်းမှာ ကျပ် ၃၃၀ မှ ကျပ် ၃၄၀ ခန့်သာရှိပြီး ပြောင်းအဟောင်းများမှာ တစ်ပိဿာလျှင် ကျပ် ၂၇၀ မှ ကျပ် ၂၈၀ ထိသာရရှိကြောင်း၊ ပြောင်းစျေးကောင်းခဲ့ချိန်က ပြောင်းတစ်ပိဿာစျေးနှုန်းမှာ ကျပ် ၅၅၀ မှ ကျပ် ၇၀၀ ထိ ရရှိခဲ့ကြောင်းသိရသည်။ အခုလက်ရှိအချိန်ထိ လက်ကျန်ပြောင်းတွေကရှိနေသေးတယ်။ မိုးပြောင်းတွေ ကျန်နေသေးတဲ့အချိန်မှာ ဒီနှစ်စိုက်ထားတဲ့ပြောင်းက ထပ်ပေါ်တော့မယ်ဆိုတော့ စျေးကွက်မှာပြောင်းတွေများနေပြီ။ ဒါကြောင့် ပြည်တွင်းက ပြောင်းစိုက်တောင်သူတွေအနေနဲ့ စျေးကွက်ကိုလေ့လာပါ။ သတင်းအချက် အလက်တွေကိုရအောင်ယူပါ။ ဒီနှစ်က စျေးအရမ်းကောင်းလို့

နောင်နှစ်မှာလည်း ကောင်းလာနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တစ်သမတ်တည်း မရွေးချယ်စေချင်ဘူး။ ကိုယ်စိုက်တဲ့သီးနှံကိုပဲ စနစ်တကျ လုပ်စေချင်တယ်။ ဈေးကွက်ဆိုတာ အမြဲတမ်းပြောင်းနေတာဖြစ်လို့ ဒီနှစ် ဒီသီးနှံဈေးကောင်းတယ်။ ဒါမျိုးစိုက်မယ်ဆိုတာမျိုး မဖြစ်စေချင်ဘူးဟု ဦးမင်းခိုင်ကပြောသည်။ စိုက်ပျိုးသည့် ပြောင်းများကို ပြည်တွင်း၌ ၅၀ ရာခိုင်နှုန်းခန့် အသုံးပြုလျက်ရှိပြီး ကျန်ပြောင်းများကို ပြည်ပနိုင်ငံများသို့တင်ပို့နေခြင်းဖြစ်သည်။ ယခင်နှစ်က တန်ချိန်ငါးသိန်းခန့်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ခုနစ်သိန်းခန့် တင်ပို့မည်ဖြစ်ကြောင်းမြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းထံမှ သိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8083325

## ဥရောပထုတ်ကုန်များအပေါ် အမေရိကန်နိုင်ငံမှ အခွန်သစ်များ စတင်ကောက်ခံ

Airbus လေယာဉ်ဆိုင်ရာအမှုကိစ္စရပ်နှင့်စပ်လျဉ်း၍ အီးယူအပေါ် အခွန်တုန့်ပြန် ကောက်ခံခွင့်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထံမှ ရရှိထားသည့် အမေရိကန်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၇.၅ ဘီလီယံတန်ဖိုးရှိ ဥရောပကုန်စည်များအပေါ် အခွန်ပြဋ္ဌာန်းမှုကို ၁၇.၁၀.၂၀၁၉ နေ့က ထုတ်ပြန်ခဲ့သည့်အတွက် အီးယူနိုင်ငံများမှ ထုတ်လုပ်သည့် ထုတ်ကုန်အများစုမှာ အမေရိကန်နိုင်ငံဈေးကွက်အတွင်း ဈေးနှုန်းပို၍ ကြီးမြင့်လာမည်ဖြစ်ကြောင်း၊ အီးယူဘက်မှလည်း လာမည့်နှစ်တွင် Boeing လေယာဉ်ဆိုင်ရာအမှုကိစ္စရပ်၌ အမေရိကန်နိုင်ငံအစိုးရ၏ အထောက်အပံ့ပေးမှုများအပေါ် အခွန်ပြန်လည်တုံ့ပြန်ကောက်ခံမည့် နည်းလမ်းမှလွဲ၍ ရွေးချယ်စရာနည်းလမ်းရှိမည်မဟုတ်ကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံနှင့်ဥရောပသမဂ္ဂတို့အကြား ပြီးခဲ့သည့်နှစ်ကတည်းက အပြန်အလှန်အခွန်ကောက်ခံမှုများရှိခဲ့ပြီး၊ အီးယူ၏ စတီးလ်နှင့် အလူမီနီယံ ထုတ်ကုန် များအပေါ် အမေရိကန်နိုင်ငံမှ အခွန်ပြဋ္ဌာန်းကောက်ခံမှုကို အမေရိကန်နိုင်ငံမှ ဟာလေဒေးဗစ်ဆင် မော်တော်ဆိုင်ကယ်အပါအဝင် အခြားအမေရိကန်နိုင်ငံ၏ ထုတ်ကုန်များအပေါ် အီးယူဘက်မှ အခွန်ပြန်လည် ကောက်ခံခဲ့ခြင်းဖြစ်ပါသည်။ ယခုအမေရိကန်နိုင်ငံဘက်မှ အခွန်သစ်ပြဋ္ဌာန်းကောက်ခံသည့် အီးယူကုန်စည်များတွင် ဥရောပ တစ်ဝန်းထုတ်လုပ်သည့် ဒိန်ခဲအမျိုးမျိုး၊ ဝိုင်၊ စကော့တလန်ဝီစကီနှင့် စပိန်နိုင်ငံထုတ်သံလွင်ဆီစသည်တို့လည်း ပါဝင်လာပါသည်။ အမေရိကန်နိုင်ငံရှိ ဒိန်ခဲရောင်းချသူများအနေဖြင့် အမေရိကန်နိုင်ငံ၏ အီးယူအပေါ် အခွန်ကောက်ခံမှုများမပြုလုပ်မီ ပြီးခဲ့သည့်လအနည်းငယ်အတွင်းက ဥရောပနိုင်ငံများမှထုတ်လုပ်သည့် ဒိန်ခဲများကိုကြိုတင်ဝယ်ယူ၍ ဖြည့်တင်းထားကြကြောင်း၊ ဝိုင်နှင့် ပတ်သက်၍ ပြင်သစ်၊ ဂျာမနီ၊ စပိန်နှင့် ဗြိတိန်နိုင်ငံထုတ် ဝိုင်များအပေါ် အခွန်ကောက်ခံမည်ဖြစ်ပြီး၊ အီတလီနိုင်ငံထုတ်ဝိုင်များ မပါဝင်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် အီးယူဝိုင်တင်ပို့စုစုပေါင်း၏ ၃၂ ရာခိုင်နှုန်းမှာ အီးယူပြင်ပ နိုင်ငံများနှင့် အမေရိကန်နိုင်ငံ သို့ တင်ပို့ခဲ့ရာ ယခုကဲ့သို့ အမေရိကန်၏အခွန်ကောက်ခံမှုသည် ဥရောပ၏ ဝိုင်ထုတ်လုပ်ငန်း အပေါ် ခက်ခဲမှုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။ စကော့တလန်နိုင်ငံ ဝီစကီအသင်း၏အဆိုအရ ၂၀၁၈ ခုနှစ်တွင် စကော့တလန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ စကော့ဝီစကီတင်ပို့မှု အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံတန်ဖိုးရှိခဲ့ပြီး၊ ယင်း၏ ၃၃ ရာခိုင်နှုန်းမှာ Single Malt Whisky များဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ အခွန်ကောက်ခံမှုများကြောင့် စကော့တလန်နိုင်ငံ၊ အရက်ချက်လုပ်ငန်းများတွင် အလုပ်အကိုင်ဆုံးရှုံးမှု အန္တရာယ်ရှိနိုင်သည်ဟု စကော့တလန်နိုင်ငံ ဝီစကီအသင်း၏ အကြီးအကဲ ဖြစ်သူ Karen Betts က ပြောကြားထားကြောင်း သိရှိရပါသည်။ အီးယူအပေါ် အမေရိကန်နိုင်ငံ၏ အခွန်ကောက်ခံမှုသည် ကမ္ဘာ့အကြီးဆုံး သံလွင်ဆီထုတ်လုပ်သည့် လုပ်ငန်းတည်ရှိရာ စပိန်နိုင်ငံတောင်ပိုင်း၊ Andalusia ဒေသရှိ သံလွင်ဆီစိုက်ပျိုးထုတ်လုပ်သည့် မိသားစုထောင်ပေါင်းများစွာအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ၎င်းဒေသသည် ကမ္ဘာ့သံလွင်ဆီထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ကိုယ်စားပြုကြောင်း၊ သို့သော် အမေရိကန်နိုင်ငံ၏ အခွန်သစ်ပြဋ္ဌာန်းမှု သည် ဥရောပ၏ သံလွင်ဆီဒုတိယနှင့် တတိယအများဆုံး ထုတ်လုပ်သည့် အီတလီနှင့်ဂရိနိုင်ငံများအပေါ် ကောက်ခံမည်မဟုတ်ကြောင်းလည်းသိရှိရပါသည်။ အမေရိကန်၏ ဥရောပအပေါ်အခွန်သစ် ပြဋ္ဌာန်းမှုသည် ဥရောပ၏ ဖက်ရှင်ထုတ်ကုန်များအပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## မကွေးတွင် မြေပဲ၊ နှမ်းဈေးနှင့်အတူ ဆီဈေးနှုန်းများမြင့်တက်လာ

မကွေးမြို့နယ်၌ မြေပဲနှင့် နှမ်းဈေးနှုန်းများ မြင့်တက်လာသဖြင့် မြေပဲဆီ၊ နှမ်းဆီဈေးနှုန်းများလည်း မြင့်တက် လာကြောင်း သိရသည်။ ဆီစက်ပိုင်ရှင်များက နှမ်းနှင့်မြေပဲဆန်များကို ဈေးအမြင့်ဖြင့် ဝယ်ယူ အသုံးပြုရခြင်းကြောင့် နှမ်းဆီနှင့် မြေပဲဆီဈေးနှုန်းများလည်း ဈေးမြှင့်၍ရောင်းချနေရကြောင်း မကွေးမြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်နှင့်ဆီကြိတ်ဆုံ လုပ်ငန်းရှင်များ

ထံမှသိရသည်။ မြေပဲဆန်တစ်ပိဿာဈေးမှာ စက်တင်ဘာလကုန်က ကျပ် ၂၆၀၀ ကျော်သာရှိခဲ့ရာမှ ယခု အောက်တိုဘာလလယ်တွင် ကျပ် ၃၂၀၀ အထိ ဈေးမြင့်တက်လာပြီး နှမ်းအဖြူ တစ်တင်းမှာ ကျပ် ၄၆၅၀၀ ခန့်မှ ကျပ် ၄၉၀၀၀ သို့ မြင့်တက်လာကြောင်းသိရသည်။ ထို့ကြောင့် ဆီဈေးနှုန်းများမှာလည်း မြေပဲဆီမှာ ယခင်လက တစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ယခုလတွင် ကျပ် ၇၅၀၀ သို့ မြင့်တက်လာပြီး နှမ်းဆီဈေးမှာ ယခင်လက တစ်ပိဿာလျှင် ကျပ် ၆၈၀၀ မှ ယခုလတွင် ကျပ် ၈၀၀၀ သို့ မြင့်တက်လာကြောင်း ဆီအရောင်းဆိုင်များထံမှသိရသည်။ ဆုံကြိတ်နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၈၅၀၀ဖြင့်




မကွေးမြို့ရှိ ကျေးလက်ဒေသများအပြင် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်နှင့် အခြားဒေသများသို့လည်း တင်ပို့ရောင်းချနေကြောင်း သိရသည်။ အခုနှစ်က မိုးအကြိုကာလကလည်း မြေပဲနဲ့ နှမ်းစိုက်ပျိုးချိန် တောင်သူတွေအနေနဲ့ နှမ်းနဲ့မြေပဲမျိုးတွေကို ဈေးနှုန်း အမြင့်နဲ့ ဝယ်ယူရတယ်။ တောင်သူလက်ထဲမှာ နှမ်းနဲ့မြေပဲက မကျန် သလောက်ဖြစ်တော့ ဈေးနှုန်းမြင့်တက်လာတယ်။ ဒါ့ကြောင့် ဆီတွေလည်း ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်တယ်ဟု ဆားတိုင်ကန်ကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။ နှမ်းဖြူနှင့် နှမ်းနက် (စမုန်) ကို ဂျပန်၊ တရုတ်၊ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အခြားနိုင်ငံများသို့လည်း တင်ပို့နေရပြီး နှမ်းနက် (စမုန်) က အားအင်တိုးပွားပြီး အသက်ရှည်စေသည်ဟုအဆိုရှိသဖြင့် လူကြိုက်များခြင်းကြောင့် တရုတ်ဝယ်လက်များနှင့် ဂျပန်ဈေးကွက်အကြိုက်ဖြစ်၍ နှမ်းနက် (စမုန်) ဈေးနှုန်းမှာပိုကောင်းနေကြောင်း အရောင်းအဝယ်ပွဲစားများ ထံမှသိရသည်။ နှမ်းနက် (စမုန်) က ဈေးကလည်း ကောင်းသလို ဆီကြိတ်ရင်လည်း အထွက်နည်းတယ်။ နှမ်းအနက်ဆီဆိုရင် တစ်ပိဿာကို ကျပ် ၁၂၀၀၀ ရောင်းမှဖြစ်မယ်။ ဒီနယ်ဘက်မှာ အသုံးနည်းတယ်။ စားအုန်းဆီကတော့ အချိန် ၁၀ တစ်ပုံး ကျပ် ၁၈၀၀၀ ခန့်ရှိပြီး ရောဆီကတော့ တစ်ပိဿာ ကျပ် ၂၄၀၀ ရှိတယ်ဟု ဆီစက်ပိုင်ရှင်တစ်ဦးကပြောသည်။ ရွှေခြင်္သေ့ဆီစက်ပိုင်ရှင် ဦးစောလှဖေက တချို့ဆီဆိုင်တွေမှာ ရောဆီလို့ ပြောပေမယ့် စားအုန်းဆီကို ဓာတုဆိုးဆေးနဲ့ ပဲအနံ့၊ နှမ်းအနံ့စတာတွေနဲ့ ရောစပ်ထားတာတွေရှိနေတဲ့အတွက် ရေရှည်မှာ စားသုံးသူတွေရဲ့ကျန်းမာရေးကိုထိခိုက်နိုင်တယ်။ ဒါကြောင့် လူထုအနေနဲ့ တခြားသုံးစွဲမှုလျှော့ပြီး ပဲဆီစစ်၊ နှမ်းဆီစစ်ကိုသာ စားသင့်ပါတယ်ဟုအကြံပြုသည်။အညာဒေသတွင် မြေပဲဆီနှင့်နှမ်းဆီ ဆုံဆီစစ်စစ်များကို စားသုံးသူများပြားလာသဖြင့် မကွေးမြို့ပေါ်ရှိ ရန်ကင်း၊ ရန်ပယ်၊ အောင်စေတနာစသည့်ရပ်ကွက်များတွင် ဆီကြိတ်လုပ်ငန်းလုပ်သူများလာကာ ကျေးလက်ဒေသသုံး နွားတပ်ဆုံများအစား အချိန်ကုန်သက်သာပြီးအထွက်နှုန်းကောင်းသည့် မော်တာသုံး သစ်သားဆုံများအသုံးပြု၍ ဆီကြိတ်လာကြကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

http://htwettoe.com/article-details/news/8083132

## ပြည်ပကုန်သွယ်မှုတွင် အလားအလာကောင်းများ ရှိနေသဖြင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုလျာထားချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ယခင်နှစ် ကုန်သွယ်မှုလျာထားချက် ဒေါ်လာ ၃၁ ဘီလျံထက် ကျော်လွန်နိုင်ကြောင်း အမြဲတမ်းအတွင်းဝန်ပြောကြား

ပြည်ပကုန်သွယ်မှုတွင် အလားအလာကောင်းများရှိနေသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှု



လျာထားချက်သည် ယခင်နှစ် လျာထားချက် ဒေါ်လာ ၃၁ ဘီလျံထက် ကျော်လွန်နိုင်ကြောင်း အောက်တိုဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည့် The Global Value Chain and Economic Development, ADB – Asian Think Tank Development Forum 2019 တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးအောင်စိုးက ပြောကြားသည်။ အခုတော့ ပြင်ဆင်နေပါပြီ။ ကျွန်တော် တို့က နှစ်စဉ်တော့ ဒေါ်လာဘီလျံ ၃၀ ကျော်ပေါ့။ မနှစ်ကတော့ ဒေါ်လာ ဘီလျံ ၃၁ ဘီလျံလောက်မှန်းတာ။ ၃၄ ဒသမ ၉ ဘီလျံလောက်ရတော့ သုံးဘီလျံလောက်တော့ ပိုရတာပေါ့။ ဒီနှစ်လည်း

ပြင်ဆင်တွက်ချက်နေတယ်။ ဒီထက်ပိုတိုးအောင်ကြိုးစားမှာ။ ဒီလိုအခြေအနေကောင်းတွေကို ပိုလုပ်နိုင်သမျှ တိုးတက်လာမှာပါ။ အလားအလာကောင်းတွေကတော့ အများကြီးရှိပါတယ်ဟု အမြဲတမ်း အတွင်းဝန် ဦးအောင်စိုးကပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလျံရရှိရန်နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလျံ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁ ဘီလျံရရှိအောင်ဆောင်ရွက်သွားရန် ခန့်မှန်း လျာထားခဲ့ခြင်းဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉၇၉ ဘီလျံအထိ ရရှိခဲ့ပြီး ခန့်မှန်းလျာထားချက်ထက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလျံရရှိရန် မျှော်မှန်းထားခဲ့ရာ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စုစုပေါင်း ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဘီလျံနီးအထိရရှိ ခဲ့ပြီး ခန့်မှန်းလျာထားချက်ထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလျံခန့်အထိ ပိုမို ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလျံရရှိရန် မျှော်မှန်းထားခဲ့ရာ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ၁၈ ဘီလျံကျော်ရရှိခဲ့ပြီး ခန့်မှန်းလျာထားချက်ထက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလျံကျော် ပိုမိုရရှိခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) နှင့် အခြားပစ္စည်းများစသည်တို့ကို တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းစသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/141606

## မန္တလေး ကျောက်စိမ်း၊ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း သုံးထောင်နီးပါး ပြသ




မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပသည့် အရိုင်းဖြတ်သား အချောထည် ကျောက်စိမ်း၊ ကျောက်မျက်ပြပွဲတွင် ကျောက်စိမ်းတွဲပေါင်း သုံးထောင်နီးပါးကို ပြသထားကြောင်း ပြပွဲကျင်းပရေးကော်မတီမှသိရသည်။ အဆိုပါ ကျောက်မျက်ပြပွဲဖွင့်ပွဲကို အောက်တိုဘာလ ၂၃ ရက် နံနက် ၉ နာရီက MANDALAY CONVENTION CENTRE (MCC)တွင်ပြုလုပ်ခဲ့ပြီး အောက်တိုဘာလ ၂၃ ရက်နေ့မှ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ကျောက်စိမ်း အတွဲပေါင်း ၂၉၈၅ တွဲကို ပြသရောင်းချသွားမည် ဖြစ်ကြောင်းသိရသည်။

နေပြည်တော်မှာ ပြပွဲလုပ်တာ အကြိမ်ကိုးဆယ်ကျော်သွားပါပြီ။ ဒါပေမယ့် ကျောက်စိမ်းအဓိကလုပ်ကိုင်နေတဲ့ မန္တလေးမြို့ဟာ အခုမှပထမဆုံးအကြိမ် ပြပွဲကျင်းပခွင့်ရတာပါ။ ဒီလိုဖြစ်ချင်နေတာ မန္တလေးသားတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းဆယ်ချီကတည်းကပါ။ ဒီပွဲကနေပြီးတော့မှ ပြည်ထောင်စုအဆင့် ကျပ်ငွေပွဲတွေ ယူရိုပွဲတွေပါ ကျင်းပနိုင်ဖို့ဆောင်ရွက်သွားမယ်ဟု ပြပွဲကျင်းပရေးကော်မတီမှ ဥက္ကဋ္ဌ ဦးကျော်ဇောအောင်ကပြောသည်။

အဆိုပါပြပွဲတွင် တရုတ်နိုင်ငံ၏ လူမှုကွန်ယက်ဖြစ်သည့် we chat ဖြင့် ရောင်းဝယ်ခြင်းကို ခွင့်ပြုမည်မဟုတ်ဘဲ ရောင်းဝယ်ခြင်းများတွေ့ရှိခဲ့ပါက အမည်ပျက်စာရင်း (Blacklist) ပြုလုပ်သွားမည်ဖြစ်ကြောင်း ဦးကျော်ဇောအောင်ကဆိုသည်။ ပြပွဲတွင် ကျောက်စိမ်းတွဲများ ဝယ်ယူမည်ဆိုပါက အနည်းဆုံးအာမခံစပေါ်ငွေ ကျပ်သိန်း(၂၀) တင်ရမည်ဖြစ်ပြီး ကျပ်သိန်း (၂၀၀) အထိဝယ်ယူခွင့်ရှိမည်ဖြစ်ကြောင်း ကျောက်စိမ်းအရိုင်းဖြတ်သားများကို မြန်မာကျပ်ငွေဖြင့်ရောင်းချ၍ အချောထည်

များကို နိုင်ငံခြားငွေ ၊ မြန်မာကျပ်ငွေ နှစ်မျိုးလုံးနှင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ပြပွဲ၌ ကြမ်းခင်းဈေး အနည်းဆုံး ကျပ် ၁၀ သိန်းမှ အမြင့်ဆုံး ကျပ်သိန်း ၃၂၀၀ အထိတင်ထားကြောင်း ရောင်းချမည့် အရိုင်းဖြတ်သားအချောထည်များနှင့်ပတ်သက်၍ အခွန်စည်းကြပ်မှုအနေဖြင့် အရောင်း ၁၃ ရာခိုင်နှုန်းနှင့် အဝယ် ၅ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်းသိရသည်။ အဆိုပါပွဲကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) က ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/61824

## ကျပ်ငွေနှင့်ဘတ်ငွေ အသုံးပြုမှုတိုးမြှင့်ရေး မြန်မာနှင့်ထိုင်းဗဟိုဘဏ်တို့ MoU ရေးထိုး






နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုအတွက်မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေ အသုံးပြုမှုတိုးမြှင့်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာလွှာကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးခဲ့သည်ဟုသိရသည်။ ယင်းအပြင် ဗဟိုဘဏ်နှစ်ခုအကြား ငွေပေးချေမှုစနစ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာလွှာကိုလည်း လက်မှတ်ရေးထိုးကြောင်းသိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဝီရာထိုင်းဆန်တီပရတ်ဟော့တို့သည် အောက်တိုဘာလ ၁၈ ရက်နေ့က အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ကျင်းပသည့် IMF-WBG နှစ်ပတ်လည် အစည်းအဝေးအတွင်း အဆိုပါနားလည်မှုစာလွှာနှစ်စောင်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတက်ရောက်ခဲ့သည်။

လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာလွှာများအရ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုအတွက် မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေ အသုံးပြုမှုတိုးမြှင့်ရေး မူဘောင်များကိုလေ့လာရန်၊ ပြည်တွင်းနှင့်နယ်စပ် ဖြတ်ကျော် ငွေလွှဲပြောင်းပေးပို့မှုများ ပိုမိုအကျိုးရှိပြီး လုံခြုံစိတ်ချနိုင်စေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုနှင့် ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် သဘောတူညီခဲ့သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020928

## ဆန်စက်လုပ်ငန်းရှင်များပါဝင်သော အများပိုင်ကုမ္ပဏီတစ်ခုဖွဲ့စည်းရန်စီစဉ်နေ



ဆန်စက်လုပ်ငန်းရှင်များ ပါဝင်သည့် အများပိုင်ကုမ္ပဏီတစ်ခု ဖွဲ့စည်းသွားရန် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းက စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ အဆိုပါ ကိစ္စအတွက် အကောင်အထည်ဖော်ရာတွင် ယခင်က ရှိထားပြီး ဖြစ်သော ကုမ္ပဏီတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ဆန်စက်အသင်း ကုမ္ပဏီကို အများပိုင်ကုမ္ပဏီ အဖြစ် ပြောင်းလဲဖွဲ့စည်း သွားမည်ဟု သိရသည်။ အများပိုင် ကုမ္ပဏီဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်က ဆန်စက်သမားတွေက ဟိုတစ်စုဒီတစ်စုနဲ့ ရောင်းဝယ်တဲ့ နေရာမှာ စုစုစည်းစည်း မရှိကြဘူးပေါ့။ ဝယ်ချင်တဲ့သူက များဝယ်ချင်တယ်ဆိုရင်လည်း ဝယ်လို့မရဘူး။ ဈေးကလည်း သူတစ်မျိုး၊ ငါတစ်မျိုးတွေဖြစ်နေတယ်။ နောက်ပြီး ခုနောက် ပိုင်းက ဆန်စပါးကဏ္ဍမှာ နိုင်ငံတကာကလာပြီး ရင်းနှီး မြှုပ်နှံတဲ့သူတွေ အများကြီးရှိပါတယ်။ ဒီကုမ္ပဏီတွေက ကျွန်တော်တို့ကို ကျော်လွှားသွားရင် ပြည်တွင်းဆန်စက်တွေ ယှဉ်ပြိုင်နိုင်စွမ်း မရှိတာမျိုးမဖြစ်အောင် စုစုစည်းစည်း ဆောင်ရွက်ဖို့ပါဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းမှဥက္ကဋ္ဌ ဦးကျော်ဝင်းကဆိုသည်။ ပြည်တွင်းရှိ ဆန်စက် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း အချိတ်အဆက်မိမိဖြင့် စနစ်တကျ ရောင်းဝယ်ဖောက်ကားနိုင်ရန်နှင့် ပြည်တွင်း ဆန်စပါးကဏ္ဍသို့ လာရောက်ရင်းနှီးမြှုပ်နှံနေကြသော နိုင်ငံခြားကုမ္ပဏီများကို ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန် ရည်ရွယ်၍ အများပိုင်ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် ပြင်ဆင်ခြင်းဖြစ်ကြောင်းသိရသည်။

ယခုဖွဲ့စည်းသွားမည့် အများပိုင်ကုမ္ပဏီသည် နယ်မြို့များရှိ ဆန်စက်ပိုင်များအတွက် ဈေးကွက်ရှာပေးခြင်း၊ ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ အများပိုင် ကုမ္ပဏီဖွဲ့စည်းမယ်ဆိုတာ ခုမှသိတာပါ၊ ဒါပေမယ့် ကောင်းပါတယ်။ လုပ်ငန်းရှင် အကြီးစား၊ အလတ်စား၊ အသေးစား အားလုံးတွဲခေါ်တာဖြစ်တဲ့အတွက် ဝမ်းသာစရာပါ၊ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်လို့ မတ္တရာမြို့နယ်မှ စက်ပိုင်တောင်သူ ဦးညီညီကဆိုသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဆန်စက်အကြီး၊ အသေး စုစုပေါင်း သုံးသောင်းကျော်ထိရှိပြီး အသင်းဝင်ထားသည့် ဆန်စက်အရေအတွက်မှာ တစ်သောင်းကျော်သာရှိနေသေးကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းကသိရသည်။

**Source:** http://www.mizzimaburmese.com/article/61804


## ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံတွင်းလာရောက်လည်ပတ်သည့် ပြည်ပဧည့်သည် ၃ ဒသမ ၁၄ သန်းအထိရှိခဲ့

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်အထိ နိုင်ငံတွင်းလာရောက်လည်ပတ်သည့် ပြည်ပဧည့်သည် ၃ ဒသမ ၁၄ သန်းအထိ ရှိခဲ့တယ်လို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရသိရပါတယ်။ လေကြောင်းဖြင့်လာရောက်သည့် ခရီးသွားဧည့်သည် ၃ သိန်း ၃ သောင်းကျော်အထိရှိခဲ့ပြီး အပျော်စီးသင်္ဘောဖြင့် လာရောက်သည့်ဧည့်သည်က ၆ ထောင်ကျော်နဲ့ နယ်စပ်မှပြည်တွင်းအထိ ဝင်ရောက်မှုက ၈ သောင်း ၈ ထောင် ကျော်အထိရှိပါတယ်။ ဗီဇာဖြင့် လာရောက်သူပေါင်းက ၁ ဒသမ ၃၅ သန်းရှိပါတယ်။ နယ်စပ်ကနေဝင်ရောက်သူပေါင်းက ၁ ဒသမ ၇၉ သန်းအထိရှိနေပြီး ယခင်ကာလတူထက် ၆ သိန်း ၂ သောင်းကျော်အထိ တိုးလာတယ်လို့ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှပေးပို့သောစာရင်းများကို ကိုးကားပြီး ဟိုတယ်ခရီးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဆိုက်ရောက်ဗီဇာဖြင့်လာရောက်သူက အခုနှစ်မှာ ၁ ဒသမ၃၅ သန်းရှိနေပြီး အာရှဒေသတွင်းနိုင်ငံတွေက လာရောက်လည်ပတ်သူက ၁ ဒသမ ၁၃ သန်းအထိရှိခဲ့ပြီး တရုတ်ခရီးသွားဧည့်သည် ၅ သိန်း ၂ သောင်း၊ ထိုင်းခရီးသွားက ၁ သိန်း ၉ သောင်းကျော်အထိရှိပါတယ်။အနောက်ဥရောပနဲ့ အမေရိကားက လာရောက်သည့်ခရီးသွားဧည့်သည်ပေါင်းက ၁ သိန်း ၇ သောင်းနဲ့ ပင်လယ်ပိုင်းနိုင်ငံတွေဖြစ်တဲ့ နယူးဇီလန်၊ ဩစတြေးလျနဲ့အခြားသောနိုင်ငံတွေက လာရောက်သူပေါင်းက

၂ သောင်းဝန်းကျင်အထိရှိခဲ့တယ်လို့ ဝန်ကြီးဌာနကထုတ်ပြန်ပါတယ်။
**Source:** SFJ Strategy First Journal,
https://www.facebook.com/SFJWeekly/posts/2739308822823059?__tn__=K-R

## ကမ္ဘာ့သက်တမ်းအကြာဆုံး ပုလဲကိုတွေ့ရှိ



နှစ်သက်တမ်းပေါင်း ၈၀၀၀ ခန့်ရှိတဲ့ ပုလဲတစ်လုံးကို Abu Dhabi မှာ ရှာဖွေတွေ့ရှိထားကြောင်းယူအေအီး နိုင်ငံအာဏာပိုင်တွေကပြောပါတယ်။ ယင်းပုလဲကတော့ ကမ္ဘာ့သက်တမ်းအကြာဆုံးသော ပုလဲဖြစ်တယ်လို့လည်း ရှေးဟောင်းသုတေသနပညာရှင်တွေကလည်း ပြောဆိုထားကြပါတယ်။ ယင်းပုလဲတွေကိုတော့ Neolithic ဆိုတဲ့ ကျောက်ခေတ်နှောင်းပိုင်းကျသော ခေတ်အချိန်ကာလများနောက်ပိုင်း ရောင်းဝယ်ထားခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားတွေလည်း ရှိနေပြီဖြစ်ကြောင်း အာဏာပိုင်တွေကပြောပါတယ်။

ယူအေအီးနိုင်ငံ မြို့တော်အနီး Marawah ကျွန်းမှာ တူးဖော်မှုတွေအတွင်း အဆိုပါ ကမ္ဘာ့သက်တမ်းအကြာဆုံး သဘာဝပုလဲကို ရှာတွေ့ထားခဲ့တာဖြစ်ပါတယ်။ ဒီကမ္ဘာ့သက်တမ်းအကြာဆုံး ပုလဲကိုအဘူဒါဘီမှာ ရှာတွေ့ခဲ့တာကတော့ ကျွန်တော်တို့ရဲ့ စီးပွားရေးနဲ့ယဉ်ကျေးမှုသမိုင်းကြောင်းမှာ အရင်ကျောက်ခေတ်သစ်ကာလအထိ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်မှုတွေရှိနေခဲ့တယ်ဆိုတာကို ထင်ရှားစေပါတယ်လို့ အဘူဒါဘီယဉ်ကျေးမှုနဲ့ခရီးသွားဌာနဥက္ကဋ္ဌ Mohamed Al-Muabarak က ပြောသွားပါတယ်။
**Source:** SFJ Strategy First Journal
https://www.asiaone.com/.../worlds-oldest-pearl-found-abu-dha...

## အိန္ဒိယဝယ်လိုအားကြောင့် မတ်ပဲနှင့်ပဲစင်းငုံ ဈေးတက်

အိန္ဒိယဝယ်လိုအားမြင့်တက်နေတာကြောင့် မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံဈေးတက်နေတယ်လို့ ကုန်စည်ဒိုင်ဒုတိယဥက္ကဋ္ဌ ဦးချွန်ကပြောပါတယ်။မန္တလေးဈေးကွက်က မတ်ပဲနဲ့ပဲစင်းငုံတွေကို ရန်ကုန်ကနေ ပင်လယ်ရေကြောင်းကတစ်ဆင့် အိန္ဒိယကို တင်ပို့နေတာလို့လည်း သိရပါတယ်။ အိန္ဒိယက မတ်ပဲစိုက်ပျိုးစိုက်ပျိုးရာသီမှာ ပျက်စီးမှုတွေရှိတဲ့အပြင် လက်ကျန်ပဲလည်းနည်းနေတာကြောင့် လက်ရှိပြည်တွင်းမှာ မတ်ပဲဈေးက ပိုတက်နေတာဖြစ်တယ်လို့ဆိုပါတယ်။ ပဲစင်းငုံကတော့ အိန္ဒိယမှာ လက်ကျန်ရှိနေတဲ့အပြင် အာဖရိကတိုက်ဘက်ကလဲ ထွက်ရှိလာမှာဖြစ်တာကြောင့် ပြည်တွင်းမှာဈေးအနည်းငယ်ပဲတက်တာလို့ ဦးချွန်ကပြောပါတယ်။ လက်ရှိ ပိဿာ(၆၀)ပါ မတ်ပဲတစ်အိတ်ကို ကျပ် (၈၇၀၀၀)အထိ ပေါက်ဈေးရှိနေတာကြောင့် ပြီးခဲ့တဲ့ လကထက် တစ်တန်ကို ကျပ်(၁၀၀၀၀၀) လောက်အထိ ဈေးတက်ခဲ့တာဖြစ်ပြီး ပဲစင်းငုံကတော့ တစ်တန်ကိုကျပ်(၃၀၀၀၀) ကနေ (၅၀၀၀၀) ကြား ဈေးတက်ခဲ့တယ်လို့သိရပါတယ်။ ဒီပေါက်ဈေးဟာ ပဲစိုက်တောင်သူတွေအတွက် တွက်ခြေကိုက်တဲ့ဈေးဖြစ်တယ်လို့လည်း ကုန်စည်ဒိုင်အဖွဲ့ဝင်တွေက ပြောပါတယ်။ ပဲစင်းငုံအနေနဲ့ အိန္ဒိယကို အခြားနိုင်ငံတွေကလည်း တင်ပို့နေတာကြောင့် ဈေးဆက်တက်ဖို့ နည်းနေပြီး မတ်ပဲကတော့ မြန်မာတစ်နိုင်ငံတည်းက သာတင်ပို့နေတာကြောင့် ဈေးထပ်တက်ဖို့ အလားလာရှိတယ်လို့လည်း ကုန်သည်တွေက သုံးသပ်ကြပါတယ်။

အခုလိုမတ်ပဲနဲ့ပဲစင်းငုံဈေးတက်လာတာကြောင့် ကုန်သည်ငယ်တွေနဲ့ တောင်သူတွေအတွက် အကျိုးရှိနိုင်ပေမယ့် ကြိုတင်ရောင်းဝယ်ထားသူတွေ အတွက်တော့ အရှုံးပေါ်နိုင်တယ်လို့ ဦးချွန်ကသုံးသပ်ပါတယ်။ နောက်ထပ်ပို့ကုန် တစ်မျိုးဖြစ်တဲ့ ပဲတီစိမ်းကတော့ ပိဿာ(၆၀)ပါ(၁)အိတ်ကို ကျပ်(၁၀၀၀၀၀)ဝန်းကျင်ရှိနေပြီး ဈေးထပ်တက်ဖို့မရှိသေးဘူးလို့ ကုန်စည်ဒိုင်မှာ လာရောက်ရောင်းဝယ်သူတွေက ခန့်မှန်းပြောကြားထားပါတယ်။
**Source:** https://www.facebook.com/onenewsmyan
One News Myanmar

## အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး/မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် (၁၀)ဦး တက်ရောက်ကြပါသည်။ အစည်းအဝေးတွင် အိမ်ယာ/ အဆောက်အဦကဏ္ဍ၊ ပညာရေး ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း (၈)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂၇၉.၈၈) သန်းနှင့် ကျပ် (၁၅၆,၉၃၀.၀၁) သန်းရှိပြီး ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၃၃,၂၇၉) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာ လကုန်အထိ နိုင်ငံပေါင်း (၅၀)တို့မှ စီးပွားရေး ကဏ္ဍ (၁၂)ခု တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း (၁,၈၃၇)ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန် ဒေါ်လာသန်းပေါင်း (၈၁,၈၇၄.၂၆၅) ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များထုတ်ပေးခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။ နိုင်ငံပေါင်း (၅၀)မှ စီးပွားရေးကဏ္ဍ (၁၂) ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၇.၃၈%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၅.၈၇%) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၄.၀၈%) ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားပါသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2184284828325464?__tn__=K-R

## အိန္ဒိယနိုင်ငံရှိပွဲတော်များကြောင့် မြန်မာ-အိန္ဒိယနယ်စပ် နန်းဖာလုံဈေး၌ ကုန်ပစ္စည်းအရောင်းအဝယ်ကောင်းနေ

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ အရောင်းအဝယ် အကောင်းဆုံးဈေးဖြစ်သည့် နန်းဖာလုံဈေးတွင် တစ်ဖက်နိုင်ငံ နယ်စပ်ပြည်နယ်အတွင်း အိန္ဒိယနိုင်ငံသားများ၏ ပွဲတော်ရက် များနှင့် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော် မကြာမီရောက်ရှိတော့မည်ဖြစ်သည့်အတွက် သီတင်းကျွတ်ပွဲတော်ပြီး ချိန်မှ စတင်၍ အရောင်းအဝယ်အကောင်းဆုံးအချိန်သို့ ရောက်ရှိလာရာ ရောင်းချသောကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းလျက် ရှိသည်။

ယခုရက်ပိုင်း တစ်ဖက်အိန္ဒိယနိုင်ငံရှိ မဏိပူရပြည်နယ်တွင် သီတင်းကျွတ်မယ်တော်ပွဲ၊ ငါးစားပွဲတော်၊ အုန်းသီး ရေမျှောပွဲတော်စသည့် ဘာသာရေးပွဲတော်များကြောင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အထည်အလိပ်၊ လျှပ်စစ်ပစ္စည်း၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အုန်းသီး၊ ပန်းသီး၊ လိမ္မော်သီးစသည့်အသီးအနှံများ အများဆုံးရောင်းချရကြောင်း၊ ယခုနှစ် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်နှင့် ကသည်းလူမျိုးများ၏ မိသားစုမိတ်ဆုံစားပွဲတော် နီးကပ်လာသောကြောင့် အရောင်း အဝယ်ကောင်းမွန်နေကြောင်း၊ ပွင့်လင်းရာသီနှင့် အိန္ဒိယနိုင်ငံအတွင်းမှ ပွဲတော်များရှိသည့်ရက်များတွင် အရောင်းအဝယ် အကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ နန်းဖာလုံဈေးတွင် အိန္ဒိယနိုင်ငံသုံး ရူပီးငွေဖြင့်သာ အရောင်းအဝယ် အများဆုံး ပြုလုပ်လျက်ရှိသည်။ ဘာသာရေးပွဲကတော့ တမူးမြို့တစ်ဖက်ကမ်း မဏိပူရပြည်နယ် မိုရေးမြို့မှာကျင်းပတာဖြစ်တယ်။ အိန္ဒိယ ပြည်မကနေ ဧည့်အလာများတော့ ကျွန်တော်တို့ နန်းဖာလုံဈေးမှာ ဈေးရောင်းကောင်းတာပေ့ါ။ ငွေလဲလှယ်နှုန်းကလည်း တစ်ရူပီးကို မြန်မာငွေကျပ် ၂၀ ဝန်းကျင်ဆိုတော့ နန်းဖာလုံဈေးရဲ့ အရောင်းအဝယ်အကောင်းဆုံးအချိန်ကတော့ အခုအချိန် ပါပဲ။ ဒ့ါအပြင် မြန်မာနိုင်ငံအရပ်ရပ်က ဒေသထွက်ကုန်တွေလည်း လာရောက်ရောင်းချမှု အခုရက်ပိုင်းမှာများလာပါတယ်။ နံနက်ခင်းဈေးဖွင့်တာနဲ့ ညနေခင်းဈေးပိတ်တဲ့အထိ အထုပ်အပိုးတွေနဲ့တန်းစီပြီးထွက်နေကြတာပါပဲဟု နယ်စပ်နန်းဖာလုံဈေးမှ ဈေးသည်တစ်ဦးက ပြောဆိုသည်။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုများတွင် ပို့ကုန်သွင်းကုန်အားလုံးကို တမူးနယ်စပ်ဂိတ်မှ အများဆုံးနှင့် ရိဒ်နယ်စပ်ဂိတ်မှ ဒုတိယအများဆုံး ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကအဖြစ် စိုက်ပျိုးရေးထွက်ကုန်များ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ကုန်များတင်ပို့လျက်ရှိပြီး အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဆေးဝါး၊ ဆေးဝါးနှင့်ဆက်စပ် ပစ္စည်းများ၊ လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများ၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးပစ္စည်းများ၊ စားသုံးကုန်နှင့်လူသုံးကုန်ပစ္စည်းများ ပြန်လည်တင်သွင်းလျက်ရှိသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2470781129857764

## ပြည်တွင်းအလုပ်သမားပြဿနာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအပေါ် စိန်ခေါ်မှုဖြစ်နေ

ပြည်တွင်းရှိ စက်ရုံအချို့တွင် အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဖြစ်ပေါ်နေသော အလုပ်သမားရေးရာပြဿနာများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်အတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်နေကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြောသည်။ မဲခေါင်ဆွေးနွေးပွဲမှာ ၆ နိုင်ငံ ပါဝင်တယ်။ တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်တို့ပါတယ်။ အဲဒီမှာ မြန်မာနိုင်ငံမှာ တော်တော်များက ရင်းနှီးမြှုပ်နှံမှုတွေလုပ်ချင်တယ်ဆိုတဲ့ ဆွေးနွေးမှုတွေရှိပါတယ်။ အဓိကပြဿနာကတော့ အလုပ်သမားကိစ္စပါ။ ရင်းနှီးမြှုပ်နှံမှုတွေက အလားအလာကောင်းကြောင်းနဲ့ လုပ်သားရေးရာကိစ္စနဲ့ပတ်သက်ပြီး ဥပဒေတွေကို လေးစားလိုက်နာမှုမှာ အရေးတယူဆောင်ရွက်ဖို့လိုအပ်နေတာကို သူတို့ဆွေးနွေးပါတယ်ဟု ၎င်းကပြောသည်။ ဦးဇော်မင်းဝင်းသည် ပြီးခဲ့သည့် အောက်တိုဘာလ ၁၉ ရက်က ရန်ကုန်မြို့ရှိ UMFCCI တွင် ပြုလုပ်သော ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖြစ်သည့် ဒုသမ္မတ ၁ ဦးမြင့်ဆွေဦးဆောင်သော မြန်မာ့စီးပွားရေးနှင့်လုပ်ငန်းရှင်များ လစဉ် ပုံမှန် တွေ့ဆုံပွဲ၌ တင်ပြဆွေးနွေးခဲ့ခြင်းဖြစ်သည်။
ထို့ကြောင့် အလုပ်သမားဆိုင်ရာအရေးကိစ္စနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအနေနှင့်လုပ်ငန်းရှင်များနှင့် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ယင်းကိစ္စကို ဆောင်ရွက်ပေးသင့်ကြောင်း ၎င်းက အကြံပြုပြောကြားခဲ့သည်။

ဦးဇော်မင်းဝင်းက ဒုသမ္မတရဲ့ လမ်းညွှန်မှုကိုခံယူလိုပါတယ်။ အခုက တော်တော်လေး အခြေအနေဆိုးပါတယ်။ စက်ရုံပိတ်သိမ်းတာအပြင် ဒီမှာရှိတဲ့ဝန်ထမ်းတွေ၊ နိုင်ငံခြားသားဝန်ထမ်းတွေပါခေါ်ယူပြီးတော့ ပိတ်သိမ်းထားတာမျိုးတွေအထိ ဖြစ်ခဲ့ပါတယ်ဟု ရှင်းပြသည်။ ဆက်လက်၍ ၎င်းက ဒီအပေါ်မှာဖွဲ့ပြီးတော့ ထိထိရောက်ရောက် ဖြေရှင်းလိုက်မယ်ဆိုရင် လက်ရှိခံစားနေရတဲ့ CMP လုပ်ငန်းများဖြစ်တဲ့ အထည်ချုပ်ဖိနပ်ချုပ်လုပ်ငန်းတွေက အဆင်ပြေသွားမယ်ဟု ပြောဆိုသည်။ လက်ခစားလုပ်ငန်းများဖြစ်သော အထည်ချုပ်လုပ်ငန်းပို့ကုန်များမှာ အီးယူနိုင်ငံများကိုတင်ပို့ရသောကြောင့် အလုပ်သမားပြဿနာများကြားလျှင် ၎င်းတို့လုပ်ငန်းရှင်များကလည်း မေးမြန်းမှုများရှိ၍ အော်ဒါမှာယူမှုတွင် နှောင့်နှေးမှုများအထိဖြစ်နေကြောင်း အဆိုပါလုပ်ငန်းရှင်များထံကသိရသည်။ အလုပ်သမားကိစ္စတွေဖြစ်တယ်ဆိုရင် အီးယူနိုင်ငံလုပ်ငန်းရှင်တွေက မင်းတို့ဆီက အော်ဒါလုပ်ဖို့ဆိုတာခက်မယ်ဆိုပြီး သံမှူးကတဆင့် လာပြောတာတွေလည်းရှိတယ်။ ဒါကြောင့် ဒီအလုပ်သမားကိစ္စကို ထိထိရောက်ရောက်နဲ့ လုပ်ကိုင်ဖို့လိုပါတယ်ဟု ဦးဇော်မင်းဝင်းက ရှင်းပြခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံတွင် လုပ်ခလစာနှင့်အလုပ်သမားဥပဒေပါ ခံစားခွင့်များဖြစ်သော လုပ်သက်ခွင့်၊ ရှောင်တခွင်ခွင့်ယူခြင်းတို့တွင် အဆင်မပြေခြင်း ၊ အပေါ်အောက်ဆက်ဆံရေး အဆင်မပြေခြင်းအစရှိသည့် လုပ်ငန်းခွင်မတည်ငြိမ်ခြင်းပြဿနာများကြောင့် အလုပ်ရှင်အလုပ်သမားပြဿနာများ အများဆုံးဖြစ်ပွားနေကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အလုပ်သမားကိုယ်စားလှယ် မကြည်ကြည်လွင်က ဧရာဝတီသို့ပြောသည်။ အဲဒီမှာ မပြေလည်တော့ တချို့အလုပ်သမားတွေက အပြင်ထွက်လာကြတယ်။ အကျိုးစီးပွားဖြစ်တဲ့ ရက်မှန်ကြေးပေးပါတို့ လုပ်ခလစာတိုးပေးပါတို့ဖြစ်လာတယ်။ အမှန်အတိုင်းပြောရင် ဒါတွေက စက်ရုံထဲမှာ ညှိနှိုင်းမှုလုပ်နိုင်ရင် အပြင်ထွက်လာစရာမရှိဘူး။ အဓိကတော့ စက်ရုံထဲမှာ အလုပ်သမားတွေက တင်ပြလာပြီဆိုရင် အလုပ်ရှင်က ဘယ်လိုလုပ်မလဲဆိုတော့ အကျိုးတူစီးပွားဖက်လို ဖြေရှင်းတာကောင်းတယ်ဟု ၎င်းကရှင်းပြသည်။ ဆက်လက်၍ ၎င်းကရင်းနှီးမြှုပ်နှံမှုတွေလာဖို့ အလုပ်ရှင်နဲ့ အလုပ်သမား ဘယ်လိုဆက်ဆံရေးကောင်းအောင် တည်ဆောက်ကြမလဲဆိုတာ မေးခွန်းထုတ်ဖို့လိုနေပြီဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုသည် အစိုးရကမျှော်မှန်းထားသည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ မပြည့်မီဘဲ ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့်သာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) စာရင်းများအရသိရသည်။ အဆိုပါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မပြည့်မီခြင်းအကြောင်းအရင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် အခြေခံအဆောက်အအုံနှင့် အခြားသော မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ဆောက်လုပ်ရေးကဲ့သို့သောလုပ်ငန်းများ လုပ်ကိုင်မှုနှေးကွေးနေခြင်းများအပြင် အဓိကအချက်မှာ မြေရရှိရေးနှင့်အလုပ်သမားအငြင်းပွားမှုပြဿနာများ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း လုပ်ငန်းရှင်များကဆိုထားသည်။

**Source: The Irrawaddy – Burmese Edition**

https://www.facebook.com/kope.aung/posts/2470778286524715

## လာမည့်နှစ်တွင် ပြောင်းတန်ချိန် ခြောက်သိန်းခွဲဝယ်ယူရန် ထိုင်းနိုင်ငံက ကမ်းလှမ်းထားဟုဆို

ထိုင်းနိုင်ငံက လာမည့်နှစ်တွင် မြန်မာမှ ပြောင်းတန်ချိန် ခြောက်သိန်းခွဲကိုဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှသိရသည်။ ထိုင်းနိုင်ငံရဲ့ ပြောင်းလိုအပ်ချက်တက်လာလို့ ပမာဏတိုးမြှင့်လာတဲ့ သဘောပေါ့ဟု ယင်းအသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၄၇၀၀၀၀ကျော် တင်ပို့ခဲ့ပြီး လာမည့်နှစ်တွင် ၎င်းတို့နိုင်ငံ၏ ပြောင်းလိုအပ်ချက် မြင့်တက်လာနိုင်သည့်အတွက် ပြောင်းတန်ချိန် ပမာဏတိုးမြှင့်ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြဝတီ ၊မဲဆောက်နယ်စပ်လမ်းကြောင်းမှတဆင့် ပြောင်းကို တရားဝင်တင်ပို့နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် ပြောင်းကို တရုတ် ၊ထိုင်းနှင့်လာအိုနိုင်ငံများမှ ပုံမှန်တင်ပို့ နေသော် လည်း တရုတ်နိုင်ငံမှ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကြောင့် တင်ပို့မှုရပ်နားခဲ့ရပြီး ယခုအခါ ပြည်တွင်း ပြောင်းတင်ပို့မှုမှာ ထိုင်းနိုင်ငံအပေါ်အဓိက မှီခိုလာရခြင်းဖြစ်သည်။

တချိန်တည်းမှာပင် တရုတ်သို့ ပြောင်းတရားဝင်တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းထားပြီးဖြစ်သောကြောင့် မကြာမီနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ တရုတ်ကို ပြောင်းတင်ပို့တာနဲ့ပတ်သက်ပြီး လက်မှတ်ထိုးဖို့ညှိပြီးသွားပြီ။ အဓိကတော့ ပြည်တွင်းထုတ်လုပ်မှုအတိုင်း ဆောင်ရွက်ရမဲ့ကိစ္စတွေကိုဆောင်ရွက်နေတယ်။ ဒါတွေပြီးသွားရင် ပြောင်းကိုတင်ပို့နိုင်တဲ့ အနေအထားဖြစ်လာမယ်ဟု ၎င်းကပြောသည်။ အလားတူ တောင်ကိုရီးယား နိုင်ငံသို့လည်း ပြောင်းတင်ပို့နိုင်ရေးအတွက် ဆွေးနွေးနေကြောင်းသိရသည်။

**Source:The Farmer Media**

https://www.facebook.com/myanmaawba/?ref=page_internal

## ယခုနှစ်အတွင်း လက်ဖက်အထွက်နှုန်းနည်းပါး



ယခုနှစ်အတွင်း လက်ဖက်အထွက်နှုန်းနည်းပါးလာကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ယခုနှစ်အတွင်းရာသီဥတုနဲ့လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် လက်ဖက်ထွက်နှုန်းမှာ အရင်နှစ်ထက် နည်းပါးလာတာဖြစ်ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးသိန်းထွေးကပြောပါတယ်။ ဒီနှစ်ကတော့ လက်ဖက်အထွက်နှုန်း နည်းပါးလာတယ်။ အဓိကကတော့ ရာသီဥတုနဲ့လက်ဖက်တင်ပို့တဲ့ဒေသ လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေကြောင့်လည်းပါတယ်။ ဒီနှစ်နွေရာသီကအရမ်းပူတော့ လက်ဖက်အထွက်နှုန်းနည်းတယ်။ ပြီးတော့ မိုးကလည်းနောက်ကျသေးတယ်။ အဲဒါကြောင့်မို့လို့ ဒီနှစ်မှာအထွက်နှုန်းနည်းသွားတာပါ။

မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေတာဖြစ်ပြီး ပြင်သစ်၊ ချက်ကိုစလိုးဗီးယား၊ ထိုင်ဝမ်ကိုတင်ပို့နေတာဖြစ်ကြောင်းလည်းအဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့လက်ဖက်ကို ပြင်ဦးလွင်နဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အများဆုံးစိုက်ပျိုးတာဖြစ်ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/less_yield_production_of_tea

# STOCK EXCHANGE (23.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 23rd Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 799 | 9,188,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,900 | 3,950 | 3,900 | 9,881 | 38,594,800 | 38,929,150 | 153,770 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 96 | 796,800 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,000 | 23,000 | 101 | 2,323,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | -100 | -3.33% | 3,000 | 3,000 | 2,900 | 1,346 | 3,918,400 | 12,823,224 | 37,187 |

## Market summary

As of 23rd Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.72 | -1.84 | -0.39% | 472.14 | 472.14 | 471.24 | 12,223 | 54,821,500 | 5 | 645,939 |

### Index chart




## Market Overview

As of 12:00 pm, 23rd Oct. 2019

| MYANPIX | 471.72 ▼1.84 |
|---|---|
| Total Volume (shares) | 11,189 |
| Total Value (MMK) | 50 mil |
| Listed Company | 5 |
| Market Cap. (MMK) | 645,939 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 2,900 | ▼ 100 |